**ရက်စွဲ။ ။ ၂၇၊ ၀၂၊ ၂၀၂၁ ခုနှစ်**

# "ဆေးနှင့် ဆေးနှီးနွယ် ကျောင်းသားသမဂ္ဂများ ထုတ်ပြန်ကြေညာချက်"

၂၇-၀၂-၂၀၂၁ ရက်နေ့တွင် အာဏာသိမ်း စစ်သူပုန်အဖွဲ့သား ရဲတပ်ဖွဲ့သည် မြန်မာနိုင်ငံ အရပ်ရပ်ရှိ ဆန္ဒပြပြည်သူလူထုအား သေနတ်ကျည်အစစ်၊ အသံဗုံး၊ မျက်ရည်ယိုဗုံးများ အသုံးပြု၍ အကြမ်းဖက် ရိုက်နှက်ပစ်ခတ်ဖြိုခွင်းမှုများ ပြုလုပ်ပြီး အပြစ်မဲ့ပြည်သူများအား မတရားဖမ်းဆီးလျက်ရှိသည်။

ထို့ပြင် ထိခိုက်ဒဏ်ရာရသည့် ပြည်သူများကို ကယ်ဆယ်ကုသပေးနေသော ဆေးတပ်ဖွဲ့ဝင်များ **(Medical cover team)** ကိုပါ အာဏာသိမ်းစစ်ကောင်စီလက်အောက်ခံ ရဲများမှ သေနတ်ဖြင့် ချိန်ထားပြီး ခြိမ်းခြောက်နေကြောင်းတွေ့ရသည်။

**ICRC** ဂျနီဗာကွန်ဗန်းရှင်း ၏ **Geneva Convention 1 - Article 24** အရ "မည်သည့်အခြေအနေ၌မဆို ဆေးဘက်ဆိုင်ရာ ပုဂ္ဂိုလ်များကို လေးစား/ကာကွယ်ရမည်" ဆိုသည့်အချက်ကို ဖောက်ဖျက်နေကြောင်း၊ **Crime against Humanity** ဖြစ်ကြောင်း ပြစ်မှုထင်ရှားသည်။

မြန်မာနိုင်ငံတွင်းသာမက ကမ္ဘာ့နိုင်ငံအသီးသီး၌ပင် ဆေးဘက်ဆိုင်ရာ ကယ်ဆယ်ကုသရေးသမားများကို သေနတ်ဖြင့်ထောက်ခွင့်၊ ပစ်ခတ်ခွင့်၊ အကြမ်းဖက်ခွင့် လုံး၀(လုံး၀)မရှိပါ။

အာဏာသိမ်းစစ်သူပုန်အဖွဲ့၏ လက်အောက်ခံ ရဲတပ်ဖွဲ့ဝင်များသည် အရေးပေါ်အသက်ကယ်ယာဉ် (Ambulance)ကို သေနတ်ဖြင့်ပစ်ခတ်ခြင်း၊ ဆေးတပ်ဖွဲ့ဝင်များအား သေနတ်ဖြင့်ထောက်ချိန်းခြောက်ခြင်းစသည့် လူသားမဆန်သော ဥပဒေမဲ့ရာဇဝတ်မှု **(Crime against Humanity)** ကို ပြောင်ပြောင်တင်းတင်း ချိုးဖောက်ပြီးဖြစ်သည်။

မိမိတို့ဆေးနှင့် ဆေးနီးနွယ်ကျောင်းများမှ ဤရဲသူပုန်အဖွဲ့၏ လူသားမဆန်သော ရာဇဝတ်မှုကို လုံးဝကန့်ကွက်ရှုံ့ချပြီး **Human Right Council, International Court of Justice (ICJ), International Criminal Court (ICC), International Committee of Red Cross (ICRC)** သို့ သက်သေနှင့်တကွ တင်ပြကာ ထိထိရောက်ရောက် အရေးယူနိုင်ရန် ကြိုးပမ်းသွားမည်ဖြစ်သည်။

ထို့ပြင် စစ်သူပုန်အဖွဲ့မှ မတရားသဖြင့် ဖမ်းဆီးထားသော ကျောင်းသားလူငယ်များနှင့် ပြည်သူအများကို အမြန်ဆုံးပြန်လွှတ်ပေးရန် သတိပေးလိုက်သည်။

ဆေးတက္ကသိုလ်(၁)ကျောင်းသားသမဂ္ဂ<br>
ဆေးတက္ကသိုလ်(၂)ကျောင်းသားသမဂ္ဂ<br>
ဆေးတက္ကသိုလ်- မန္တလေးကျောင်းသားများသမဂ္ဂ<br>
ဆေးတက္ကသိုလ် - မကွေး ကျောင်းသားများသမဂ္ဂ<br>
ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်(ရန်ကုန်) ကျောင်းသားများသမဂ္ဂ<br>
ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်(မန္တလေး ) ကျောင်းသားများသမဂ္ဂ<br>
ဆေးဝါးတက္ကသိုလ်(ရန်ကုန်) ကျောင်းသားများသမဂ္ဂ<br>
ဆေးဝါးတက္ကသိုလ်(မန္တလေး)ကျောင်းသားများသမဂ္ဂ<br>
သူနာပြုတက္ကသိုလ်ကျောင်းသားများသမဂ္ဂ(ရန်ကုန်)<br>
သူနာပြုတက္ကသိုလ် ကျောင်းသားများသမဂ္ဂ(မန္တလေး)<br>
အခြေခံကျန်းမာရေးတက္ကသိုလ်ကျောင်းသားများသမဂ္ဂ<br>
မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်ကျောင်းသားများသမဂ္ဂ<br>
သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် (ရန်ကုန်) ကျောင်းသားများသမဂ္ဂ<br>
သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် (မန္တလေး) ကျောင်းသားများသမဂ္ဂ<br>
တိုင်းရင်းဆေးတက္ကသိုလ် ကျောင်းသားများသမဂ္ဂ